ဇလုပ်မကျေးရွာ

ဟသ်ာတမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

# (၂၀၂၁-၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ဇလုပ်မကျေးရွာ၊ဟသ်ာတမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ

| | | |
|---|---|---|
| မာတိကာ | | ၁ |
| စကားချီး | | ၆-၇ |
| ဇလုပ်မကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊ ဟသ်ာတမြို့နယ် | | ၉ |
| ဇလုပ်မကျေးရွာ အဖွဲ့အစည်းပြပုံ၊ ဟသ်ာတမြို့နယ် | | ၁၀ |
| **အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်** | | **၁၁** |
| (၁) | နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၁၁ |
| | (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက် | ၁၁-၁၂ |
| | ( ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု | ၁၂-၁၃ |
| (၂) | ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ | ၁၃ |
| | (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား | ၁၃ |
| | ( ခ) သဘာဝအရင်းအမြစ်များ | ၁၃ |
| (၃) | ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ | ၁၄ |
| | (က) လူဦးရေဆိုင်ရာ အချက်အလက်များ | ၁၄ |
| | ( ခ) စီးပွားရေးအခြေအနေ- ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု | ၁၄ |
| | (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှုများ | ၁၅ |
| | (ဃ) ကျန်းမာရေးနှင့် အာဟာရ | ၁၄-၁၅ |
| | ( င) ပညာရေးနှင့် ကျွမ်းကျင်မှုများ | ၁၅ |
| | ( စ) ကျားမဆိုင်ရာ ဆက်နွယ်မှု | ၁၅ |
| (၄) | ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ | ၁၆ |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ် | ၁၆ |
| | ( ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ | ၁၆ |
| | (ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | ၁၇ |
| | (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု | ၁၇ |
| | (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၁၇ |
| | (စ) ပညာရေး၊ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | ၁၇-၁၈ |
| | (ဆ) လူငယ်နှင့်ယဉ်ကျေးမှု | ၁၈ |
| | (ဇ) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု- လမ်း၊တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး | ၁၉ |
| | (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး | ၁၉ |
| (၅) | ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ | |

| | | |
|---|---|---|
| | အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ | ၁၉ |
| | (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ | ၁၉-၂၀ |
| | (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ၊ | ၂၀-၂၂ |
| (၆) | ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ | ၂၂-၂၃ |
| (၇) | ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ | ၂၃-၂၅ |
| (၈) | ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာ | ၂၅ |
| | (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် | ၂၅ |
| | ( ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း | ၂၆ |
| | (ဂ) ဦးစားပေးစီမံချက်များ | ၂၆-၂၉ |
| | (ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ | ၃၀ |
| (၉) | ဘတ်ဂျတ်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် | ၃၃-၃၄ |
| (၁၀) | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ | ၃၀-၃၂ |
| | (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ | ၃၂ |
| | ( ခ) ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ | ၃၃ |
| | (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ | ၃၃ |
| | (ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအမံများ | ၃၄ |
| (၁၁) | စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း | ၃၄ |
| | (က) ကြီးကြပ်စစ်ဆေးခြင်း | ၃၄-၃၅ |
| | (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း | ၃၅-၃၆ |
| | (ဂ) နည်းပညာဆိုင်ရာ အကူအညီ | ၃၆ |
| နောက်ဆက်တွဲ(၁) | ကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား | ၃၇-၃၈ |
| နောက်ဆက်တွဲ(၂) | ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီဝင်များစာရင်း | ၃၉ |
| နောက်ဆက်တွဲ(၃) | စီမံကိန်းဇယားများ | ၄၀-၉၂ |
| ဇယား ၁ | လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ | |
| ဇယား ၂ | လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား | |
| ဇယား ၃ | လုပ်ငန်းနှင့်ကျား/မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား | |
| ဇယား ၄ | ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု | |

ဇယား ၅ ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့် ဘေးအန္တရာယ်လျော့ချရေးအစီအမံများ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ
ဇယား ၁၁ ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့်အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏စိုက်ပျိုးရေးသုံးကရိယာများပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်အခွင့်အလမ်းများ
ဇယား ၂၃ စိုက်ပျိုး/မွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်ပြဿနာ
နှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းအရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း
ဇယား ၂၉ ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့်
အခက်အခဲများ
ဇယား ၃၀ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတတ်နှုန်း
ဇယား ၃၂ စာသင်ကျောင်းအခြေအနေနှင့်ဝန်ဆောင်မှုများ

ဇယား ၃၃ ပညာရေးအခက်အခဲနှင့်ပြဿနာများ
ဇယား ၃၄ အဖြစ်များသောရောဂါများ
ဇယား ၃၅ လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိမှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား/မ ရေးရာ
ဇယား ၄၀ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏တံတားတည်ရှိမှု
ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှုအခြေအနေများ
ဇယား ၄၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာအခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေးဝန်ဆောင်မှုအထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှုအခြေအနေ
ကိုးကားစာရင်း ၉၃

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ(၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ဇလုပ်မကျေးရွာ၏ ကျေးရွာသူ/ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့်အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည် သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သောလုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ရွေးချယ်မှု

များနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဟသ်ာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏အကြံပြုချက်များ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။

မတ်လ ၂၀၂၁ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဇလုပ်မကျေးရွာ

ဟသ်ာတမြို့နယ်

ကင်မွန်းချောင်းကျေးရွာအုပ်စု၊ ဇလုပ်မကျေးရွာလမ်း တည်နေရာပြမြေပုံ



## ဇလုပ်မကျေးရွာ ရာသီခွင်ပြပြက္ခဒိန်မြေပုံ၊ ဟသ်ာတမြို့နယ်

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတုအခြေအနေ |  |  |  |  |  |  |  |  |  |  |  |  |
| ၂ | လယ်/ယာစိုက်ပျိုးရေး | မြေပြင် | ထွန်စက်ခွဲ | စပါးကျဲ | ခါတ်မြေဩဇာ | ဆေးဖျန်း | မြက်ကောက် | စပါးရိတ်သိမ်း | မတ်ပဲစိုက် | ဆေးဖျန်း | ဆေးဖျန်း | ပဲသိမ်း | ပဲသိမ်း |
| ၃ | အသုံးစရိတ် | နည်း | များ | များ | ပိုများ | များ | နည်း | များ | များ | ပိုများ | ပိုများ | များ | များ |
| ၄ | ချေးငွေလိုအပ်မှု | နည်း | များ | နည်း | များ | များ | နည်း | များ | နည်း | များ | များ | နည်း | များ |
| ၅ | ဝမ်းစာဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၆ | သောက်သုံးရေဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၇ | တိရစ္ဆာန်အစာ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၈ | တိရစ္ဆာန်ရောဂါဖြစ်ပွားမှု | နည်း | နည်း | များ | များ | များ | နည်း | နည်း | နည်း | နည်း | နည်း | များ | များ |
| ၉ | ပွဲတော် | သင်္ကြန်ပွဲ | ညောင်ရေသွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | မီးထွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | ဘုရားပွဲ |
| ၁၀ | သဘာဝဘေးအန္တရာယ် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |

ဇလုပ်မကျေးရွာ အဖွဲ့အစည်းပြမြေပုံ၊



## အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်

### (၁) နိဒါန်း–ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များ အတွက်အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး

ဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ကျေးရွာနှင့် ကျေးလက်လူထု၏တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ကျေးရွာနှင့်ဆိုင်သောဒေသတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့်အကူအညီများကို အခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့်လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်း အား ဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံချက်များကိုနှစ်အလိုက်ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက် သွားမည့်အစီအစဉ်မျိုး ဖြစ်ပါသည်။

## (၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ဟသ်ာတမြို့နယ်သည် မြန်မာနိုင်ငံ၏ အောက်ပိုင်းတွင် တည်ရှိ၍ ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်တွင် တည်ရှိပါသည်။ ဟသ်ာတမြို့နယ်သည် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၅ မိနစ်နှင့် ၁၇ ဒီဂရီ ၅၀ မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၀မိနစ်နှင့် ၉၅ဒီဂရီ ၃၅မိနစ်ကြားတွင် တည်ရှိပြီး အကျယ် အဝန်းမှာ (၃၇၈.၆၅ )စတုရန်းမိုင် ကျယ်ဝန်းပါသည်။

ဟသ်ာတမြို့နယ်သည် အရှေ့ဘက်တွင် ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၊ အရှေ့တောင်ဘက်တွင် ဇလွန်မြို့နယ်၊ တောင်ဘက်တွင် ကျုံပျော်မြို့နှင့် ဓနုဖြူမြို့နယ်၊ အနောက်မြောက်ဘက်တွင် အင်္ဂပူမြို့နယ် တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျှက်ရှိပါသည်။

ဟသ်ာတမြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှုများသောဒေသဖြစ်ပါသည်။ ဟသ်ာတမြို့နယ်သည် မျှတသောရာသီတုရှိပြီး အမြင့်ဆုံးအပူချိန်(၄၂.၈ °C) ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ (၂၇ °C) ဖြစ်ပါသည်။ တစ်နှစ်ပျှမ်းမျှမိုးရွာရက်(၁၀၈)ရက်ရှိပြီး ပျှမ်းမျှမိုးရေချိန် (၉၃.၉၇)လက်မဖြစ်ပါသည်။ မိုးအများဆုံးရွာသွန်းသောလမှာ ဇူလိုင်လနှင့်ဩဂုတ်လများ ဖြစ်ပါသည်။

ဇလုပ်မကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ ကင်မွန်းချောင်းကျေးရွာအုပ်စုတွင် ပါဝင်ပါသည်။ ဟသ်ာတမြို့နယ်နှင့် (၁၉)မိုင်ခန့် ကွာဝေးပါသည်။ ဇလုပ်မကျေးရွာသည် ကင်မွန်းချောင်းကျေးရွာအုပ်စုတွင် ပါဝင်ပြီး ပတ်ဝန်းကျင်ကျေးရွာများမှာ အညာစုကျေးရွာ၊ ကင်မွန်းချောင်းကျေးရွာ၊ ချင်းတောကျေးရွာ၊ ငါးဖယ်ထုမြောက်စုကျေးရွာ၊ ကုန်းကြီးကျေးရွာ၊ သဃ်န်းတောကျေးရွာ၊ကျားကုန်းကျေးရွာနှင့် ရွာသစ်တန်းကျေးရွာတို့ ဖြစ်ပါသည်။ ခြံလုပ်ငန်းကို အဓိကလုပ်ကိုင်သော ဒေသတစ်ခုဖြစ်ပြီး လယ်ယာလုပ်ငန်းကို အနည်းငယ်သာလုပ်ကိုင်သော ဒေသတစ်ခုဖြစ်ပါသည်။ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းကိုလည်း လုပ်ကိုင်သောဒေသတစ်ခု ဖြစ်ပါသည်။

### (ခ) သဘာဝအရင်းအမြစ်များ

ဇလုပ်မကျေးရွာသည် ဓာတ်သတ္တုဆိုင်ရာ သဘာဝအရင်းအမြစ်များ အနေဖြင့် တွေ့ရှိခြင်းမရှိပါ။သို့သော်လည်း ဆေးဘက်ဝင်အပင်များဖြစ်သည့် ပွေးပင်၊ လောက်သေပင်၊ ဆင်တုံးမနွယ်၊ ကုန်းဇေဒါ၊ မြင်းခွာရွက်၊ ခွေးသေးပန်းရွက်၊ ကြိတ်မှန်ရွက်နှင့် ကုလားပင်စိမ်း စသည့်အပင်တို့ပေါက်ရောက်သောကြောင့် ကျန်းမာရေးအတွက် ဆေးဘက်ဝင် အပင်များ ပေါက်ရောက်သည့်ဒေသလည်းဖြစ်ပါသည်။ ဇလုပ်မကျေးရွာတွင် လယ်မြေနှင့် ဥယျာဉ်ခြံမြေများ အသင့်အတင့်ရှိကာမြေဆီလွှာအရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ တောင်သူအားလုံးမှာ လယ်မြေဧက (၁၂၀.၈၁)အတွက် မိုးရေကိုသာ အဓိကထား စိုက်ပျိုးပြီး စိုက်ပျိုးရေရရှိပါသည်။ဇလုပ်မကျေးရွာတွင် ထွန်ယက်စိုက်ပျိုးနိုင်သည့် မြေဧက(၁၃၈.၅၇)ဧက ရှိပြီး စပါး၊ပဲမျိုးစုံ တို့ကို အဓိကထား စိုက်ပျိုးကြပါသည်။

## (၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ဇလုပ်မကျေးရွာတွင် အိမ်ထောင်စု(၁၂၈)စုရှိပြီး လူဦးရေစုစုပေါင်း (၄၈၂)ဦး ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄)ဦးနှုန်းခန့် ရှိသောကြောင့် ကျေးလက် အိမ်ထောင်စု၏ အမျိုးသား အဆင့် ပျှမ်းမျှ တစ်အိမ်ထောင်လျှင် (၅)ဦးနှုန်းထက် လျော့နည်း နေပါသည်။အသက် (၁၅ နှစ်မှ ၆၄ နှစ်အထိ)အလုပ်လုပ်နိုင်သော လူဦးရေမှာ (၇၀%)ရှိပြီး (၁၅)နှစ်အောက် လူဦးရေနှင့် အသက် (၆၄)နှစ် အထက် လူဦးရေ စုစုပေါင်း (၃၀%)သည် မှီခိုသူများ ဖြစ်ကြပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှု ကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှု ပေးပါသည်။

### (ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓန အဆင့်ခွဲခြားမှု နည်းလမ်းအရ ကျေးရွာအိမ်ထောင်စု၏ (၁၂.၅%)မှာ အလွန်ဆင်းရဲသော အိမ်ထောင် စုများ ဖြစ်ကြပါသည်။ အဆင်ပြေသော အိမ်ထောင်စုများ မရှိပါ။ အလယ်အလတ် အိမ်ထောင်စု(၅၆)စုရှိပြီး စိုက်ပျိုးမြေ (၁၂.၅)ဧကမှ (၅)ဧကကြား ပိုင်ဆိုင်ကြပြီး နေအိမ်မှာ သွပ်မိုး၊ပျဉ်ခင်း၊ ပျဉ်ထောင် စသည့် အိမ်အမျိုးအစားဖြင့် နေထိုင်ကြပါသည်။ ကြက်၊ ဝက် များကို တစ်နိုင်တစ်ပိုင် မွေးမြူ ကြပါ သည်။တစ်နှစ်ဝင်ငွေမှာ မများပြားသော်လည်း အကြွေး တင်ရှိမှုမှာ အနည်းငယ်ရှိပါသည်။ ဆင်းရဲ သော အိမ်ထောင်စု (၅၆)စုရှိပြီး အိမ်အခြေအနေမှာ ဓနိမိုး ၊ထရံကာ ၊ကြမ်းခင်းအိမ်များ ဖြစ်ကြပါ သည်။အလွန်ဆင်းရဲသော အိမ်ထောင်စုများမှာ (၁၆)အိမ်ဖြစ်ပြီး မြေယာမပိုင်ဆိုင်သူများ ဖြစ်ကြပ ါသည်။ကျေးရွာအိမ်ထောင်စု၏ (၅၀%) ခန့်မှာ ကျပန်း လုပ်ကိုင်ကြသူများ ဖြစ်ကြပါသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျေးရွာတွင် ဆင်းရဲနွမ်းပါးသောအိမ်ထောင်စု(၇၂)စုရှိသည့်အနက် (၃၀%) ကို စစ်တမ်း ကောက်ယူမှုအရ (၃)လအောက် ဝမ်းစာဖူလုံမှုရှိသည့် အိမ်ထောင်စု(၃၁%) ရှိပါသည်။ ၎င်းတို့သည် ငွေတိုးချေးစားသူများထံမှ ချေးယူခြင်း ၊ခေါက်ပြန်ပေး အကြွေးယူခြင်း အပြင် အခြားဒေသများသို့ သွားရောက် အလုပ်လုပ်ကိုင် သူတို့ထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်းနေကြရပါသည်။ ငွေကြေးအရင်းအနှီးမဖူလုံသော ဆင်းရဲသော တောင်သူများ အဖို့ ထိခိုက်မှုများရှိနိုင်ပါသည်။

### (ဃ)ကျန်းမာရေးနှင့်အာဟာရ

ကျန်းမာရေးအတွက်တစ်ခုခုဖြစ်ပွားပါက (၄)မိုင်အကွာတွင်ရှိသော တလုတ္တော်တိုက်နယ်ဆေးရုံ သို့ အဓိကထား၍ သွားရောက်ပြသကြပါသည်။အရေးပေါ်ကိစ္စရပ်များအတွက် ဟသ်ာတမြို့နယ်

ပြည်သူ့ဆေးရုံသို့ သွားရောက် ပြသကြပါသည်။ကျေးရွာအတွင်းတွင် အဝီစိရေတွင်း (၁၉)တွင်း ၊အဝီစိတွင်း စက်တပ် (၃၁)တွင်းနှင့် အဝီစိတွင်း တုံတင်(၇၈)လုံး ရှိသဖြင့် သောက်သုံးရေအတွက် လုံလောက်မှုရှိပါသည်။သွေးလွန်တုတ်ကွေးရောဂါမှာ ယခုနှစ်ပိုင်းတွင် ဖြစ်ပွားမှုလျော့နည်းပါသည်။ အမျိုးသား၊ အမျိုးသမီး၊လူငယ်လူရွယ်၊ သက်ကြီးပိုင်း တို့သည်လည်း တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ ရှိကြပါသည်။ကျေးရွာတွင် ရွာသူ/သား အများစုသည် သာမန်အားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြပါသည်။ ကလေးငယ်များစုလည်း ကျန်းမာရေး ကောင်းမွန်ကြပါသည်။

### (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ဇလုပ်မကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျေးရွာမှ ကျောင်းသူ/ကျောင်းသား (၁၀၃)ဦးနှင့် အခြားကျေးရွာများမှ ကျောင်းသူ/ကျောင်းသာ (၁၀၀)ဦးခန့် တက်ရောက်ကြသဖြင့် ကျောင်းဆောင်တစ်ဆောင် နှင့် မလုံလောက်သဖြင့် အခက်အခဲရှိပါသည်။

ကျေးရွာရှိ လယ်သမားများ ၊ခြံသမားများ အဓိကစိုက်ပျိုးသီးနှံမှာ စပါးနှင့် ပဲတို့ဖြစ်ပြီး စပါးကို မိုးရာသီတွင် စိုက်ပျိုးကြပါသည်။ နွား၊ကြက်၊ဝက် ၊ဘဲ၊မွေးမြူခြင်းစသည်တို့ကို တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မှု မရှိသော အိမ်ထောင်စုများ အနေဖြင့် ဈေးဆိုင်၊ အရောင်းအဝယ် ၊စက်ချုပ် စသည့် လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ အစိုးရဌာနများတွင် ဝင်ရောက်အမှုထမ်းနေသော အစိုးရဝန်ထမ်းများရှိသည့် အိမ်ထောင်စုများလည်း အနည်းငယ်ရှိပါသည်။

### (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ဇလုပ်မကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသားလူဦးရေမှာ အမျိုးသမီး လူဦးရေထက် အနည်းငယ်များပါသည်။စပါးကြဲချိန်တွင် အမျိုးသား (၁)ဦး လျှင် (၅၀၀၀)ကျပ်ခန့် ရရှိပြီး ကောက်စိုက်ချိန်၊ ပဲနုတ်ချိန်တွင် အမျိုးသမီးတစ်ဦးလျှင် (၄၀၀၀)ကျပ်ခန့် ရရှိပါသည်။ စာတတ်မြောက်မှုတွင်လည်း မူလတန်းပညာရေးနှင့် တက္ကသိုလ်၊ကောလိပ်အဆင့် စာတတ်မြောက်မှု နှုန်းတွင် အမျိုးသမီး လူဦးရေ များပြားပြီး ကျန်ပညာရေးအဆင့်များတွင် အမျိုးသားလူဦးရေ များပြားပါသည်။ကျေးရွာ၏ စီမံအုပ်ချုပ်မှု လုပ်ငန်းများတွင်အမျိုးသမီးများ ပါဝင်ခြင်းမရှိသော်လည်း ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေး ဆောင်ရွက်နေသော အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်ကြပါသည်။ သို့သော် ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အနည်းငယ် အားနည်းနေဆဲ ဖြစ်ပါသည်။ကျေးရွာတွင် အမျိုးသမီးများအတွက် သံသယဖြစ်ဖွယ် အကြမ်းဖက်မှုများ မရှိပါ။လူနေမှု အဆင့်အတန်း ခွဲခြားဆက်ဆံမှု မရှိဘဲ ကျေးရွာဖွံ့ဖြိုးရေး ကို ရှေးရှုပြီး စည်းလုံးညီညာစွာ နေထိုင်သော ကျေးရွာတစ်ရွာဖြစ်ပါသည်။

## (၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပရဟိတ အဖွဲ့၊လူငယ်အဖွဲ့ ၊အရန်မီးသတ်အဖွဲ့တို့သည် ကျေးရွာ၏ သာရေးနာရေးကိစ္စရပ်များကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းကာ ဆောင်ရွက် နေပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/ကျေးရွာသားများ ကိုယ်တိုင် ပူးပေါင်းပါဝင်ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ကျန်ကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော ဦးစားပေး လုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ပြင်ပများ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

### (ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာရှိ လယ်သမားများ၊ခြံသမားများ၏ အဓိကစိုက်ပျိုးသီးနှံမှာ စပါးနှင့် ပဲမျိုးစုံတို့ဖြစ်ပြီး မိုးရာသီ၊ ဆောင်းရာသီတို့တွင် စိုက်ပျိုးကြပါသည်။ စိုက်ခင်းအားလုံးသည်၊ ရွှေ့ပြောင်းစိုက်သည့် စနစ်နှင့် ကြဲသည့်စနစ် ၊ပျိုးထောင်သည့်စနစ် တို့ကို ကျင့်သုံးကြပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ ပံ့ပိုးသော ချေးငွေမှာ မြေပြင်ဆင်စရိတ်နှင့် စိုက်ပျိုးရေးစရိတ်အထိ အထောက်အကူ ပြုပါသည်။သို့သော် ဓာတ်မြေဩဇာ၊အစာဖိုးနှင့် ရိတ်သိမ်း ၊ခူးခြွေသည့် စရိတ်တို့အတွက် ပြင်ပလုပ်ငန်းရှင်များနှင့် ဓာတ်မြေဩဇာအရောင်းဆိုင်များမှ အတိုးနှုန်း(၅)ကျပ်နှုန်းဖြင့် ချေးယူရပါသည်။

ဇလုပ်မကျေးရွာတွင် တစ်နိုင်တစ်ပိုင် မွေးမြူရေးအနည်းငယ်လုပ်ကိုင်ကြပါသည်။နွား၊ဝက်၊ကြက်၊ဘဲများကို တစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။ကျေးရွာ၏ မွေးမြူရေးလုပ်ငန်းတိုးတက်ရန် အတွက် နည်းပညာနှင့် ရောဂါကာကွယ်ထိန်းချုပ်ရန် လိုပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ဇလုပ်မကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေး မဟုတ်သော အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများမှာ ဈေးဆိုင်၊အရောင်းအဝယ်၊ပညာရေး၊ကျန်းမာရေး၊ ချေးငွေ ဝန်ဆောင်မှုလုပ်ငန်းများတွင် ဝန်ထမ်းများ အဖြစ်လုပ်ကိုင်ကြပါသည်။နေ့စားအလုပ်လုပ်ကိုင်သူများမှာ ကုန်ထမ်းခြင်းနှင့် လယ်၊ခြံများထဲတွင် ကျပန်းလုပ်သားများအဖြစ် လုပ်ကိုင်ကြပါသည်။ တစ်နေ့လျှင် လုပ်အားခ ကျား(၄၀၀၀)ကျပ်၊မ (၃၀၀၀)ကျပ်ရရှိပါသည်။

## (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာတွင် စပါးစိုက်ခင်းနှင့် မတ်ပဲစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်သောကြောင့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးနှင့် ဓာတုမြေသြဇာများ သုံးစွဲသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှား နှိမ်နင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုကြပါသည်။ စွန့်ပစ်ပစ္စည်းများတွင်လည်း ပလပ်စတစ် အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကိုစနစ်တကျ မစွန့်ပစ်သဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။

ဇလုပ်မကျေးရွာသည် မုန်တိုင်းဘေး အန္တရာယ်နည်းပါးပါသည်။အားပျော့သောမုန်တိုင်းဝင်ရောက်မှုသာ တစ်ခါတစ်ရံ ကြုံတွေ့ရတတ်သည်။ဘေးကင်းလုံခြုံရေးအတွက် မည့်သည့်အဖွဲ့၊ မည့်သည့်ဌာနမှ သင်တန်းပေးခြင်း၊ကြိုတင်စီမံပေးခြင်း မရှိပါ။ သဘာဝဘေးအန္တရာယ်ကြိုတင် ကာကွယ်နိုင်ရန် အတွက် လက်ကိုင်ဖုန်း၊ရေဒီယို၊ တီဗွီတို့မှ သိရှိရပါသည်။ မြို့နယ်နှင့် ဝေးကွာသည့်အတွက် ဒေသလုံခြုံရေးအား ကျေးရွာအုပ်ချုပ်ရေးမှူး ရပ်မိ ရပ်ဖ နှင့် ကျေးရွာ လူငယ်များမှ တာဝန်ယူ ဆောင်ရွက်ပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

အစိုးရမှ ကျေးရွာအတွက် ငွေချေးရန် အရင်းအမြစ်မှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဖြစ်ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှာ လယ်သမားများကိုသာ စပါးနှင့် မတ်ပဲ စိုက်ပျိုးခြင်းများအတွက် (၁)ဧကလျှင်(၁၅၀၀၀၀ မှ ၁၅၀၀၀၀)ကျပ်ကို လယ်ယာမြေမှတ်ပုံတင်အား အပေါင်အဖြစ်ယူပြီး အတိုးနှုန်းမှာ(၀.၄၂)ကျပ်နှုန်းဖြင့် ထုတ်ချေးပါသည်။ ထုတ်ချေးသည့် ကာလမှာ (၇)လဖြစ်သည်။လယ်သမားများ အနေဖြင့် လုံလောက်သော ချေးငွေပမာဏအား နှစ်ရှည် (အနည်းဆုံး ၃ နှစ်)ထုတ်ချေးမည် ဆိုပါက ပိုမို အကျိုးရှိစွာ အသုံးချနိုင်မည် ဖြစ်သည်။

သမဝါယမအဖွဲ့မှ ငွေထုတ်ချေးသည့် အစီအစဉ်မှာ အဖွဲ့ဝင်ဖြစ်လျှင် ထုတ်ချေးနိုင်သည်။ အဖွဲ့ဝင်ဖြစ်ရန် (၅၀၀၀)ကျပ် စုရသည်။လယ်သမားများအတွက်သာ ထုတ်ချေးပေးပါသည်။ပုဂ္ဂလိက ငွေကြေးဝန်ဆောင်မှုများလည်း ကျေးရွာတွင် အနည်းငယ်သာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ဇလုပ်မကျေးရွာအတွင်း၌ အထက်တန်းကျောင်းခွဲရှိပြီး ကျောင်းသား/ သူများ(၂၀၅)ဦးခန့် ပညာသင်ကြားနေရပြီး အဆိုပါကျောင်းဆောင်မှာ တစ်ထပ် အုတ်ကျောင်းဖြစ်ပြီး အရည်အသွေးအသင့်အတင့်ကောင်းမွန်ပါသည်။ ကျောင်းအုပ်ဆရာမကြီး (၁)ဦး နှင့် လက်ထောက်

ဆရာ၊ ဆရာမ(၂၈)ဦး စုစုပေါင်း(၂၉)ဦး ရှိပါသည်။ ဇလုပ်မကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရွာများမှ ကျောင်းသား၊သူများပါ လာရောက်၍ ပညာသင်ကြားကြပါသည်။သောက်သုံးရေကို ကျောင်းဝင်းအတွင်းရှိ အဝီစိတွင်းမှ ထုတ်ယူသုံးစွဲပါသည်။ယင်လုံတိုက်အိမ်သာများ ရှိသဖြင့် ကျောင်းသား/သူ များအတွက် အဆင်ပြေလုံလောက်မှု ရှိပါသည်။

စာသင်ခန်း၊ စာရေးခုံ၊ ထိုင်ခုံ များ လိုအပ်ချက်ရှိပါသည်။ မိုးရာသီ၊ ဆောင်းရာသီတို့တွင် အလင်းရောင်ကောင်းစွာ မရရှိသော နေရာများတွင် လျှပ်စစ်မီးမရရှိသေးသဖြင့် မီးစက်မောင်းရပါသည်။အောင်ချက် ကောင်းမွန်လာစေရန် ကျောင်းသား/သူများအား တိုက်တွန်း အားပေးရန်နှင့် စာကျက်ဝိုင်းများ ပြုလုပ်ပေးရန်အတွက် မိဘများမှ ဝိုင်းဝန်း ဆောင်ရွက်ရန်မှာ အရေးပါလှပါသည်။

ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက (၄)မိုင်ကွာဝေးသော ကျေးလက်ကျန်းမာရေးဌာနသို့ အဓိကထား၍ သွားရောက်ပြသပါသည်။ အသေးစားကျန်းမာရေးနှင့် ဆိုင်သော ဆေးဝါးများကို ကျေးရွာအတွင်းရှိ ကုန်ဆုံဆိုင်များတွင် ရရှိနိုင်ပြီး အကြီးစားကျန်းမာရေးအတွက် ဟသ်ာတမြို့ပေါ်ရှိ ဆေးဆိုင်များတွင် သွားရောက်ဝယ်ယူရပါသည်။ အရေးပေါ်ကိစ္စရပ်များအတွက် ဟသ်ာတမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြသကြရပါသည်။ကျန်းမာရေးဝန်ထမ်းများမှ ကာကွယ်ဆေးထိုးနှံပေးမှုများရှိသောကြောင့် ကလေးနှင့် ကိုယ်ဝန်ဆောင် မိခင်များတွင် ဖြစ်တတ်သော ရောဂါများ ကင်းဝေးကြပါသည်။ကျေးရွာတွင် ခြံစည်းရိုးကာရံထားသော သောက်ရေတွင်းများ မရှိပါ။ အုတ်ရေတွင်း၊ အဝီစိတွင်းများ ရှိသဖြင့် သောက်သုံးရေအတွက် လုံလောက်မှုရှိပါသည်။ ကျန်းမာရေးအသိပညာများကြောင့် အိမ်တိုင်းယင်လုံအိမ်သာများ သုံးစွဲကြပါသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များမှာ ကျေးရွာ၏ သာရေး၊နာရေး၊ဘာသာရေး တို့တွင် ပါဝင် ဆောင်ရွက်ကြပါသည်။ပရဟိတအသင်း၊ သွေးအလှူရှင်များ အသင်း၊ ဝတ်ရွတ်အဖွဲ့များလည်းရှိပါသည်။ ပဌာန်းရွတ်အဖွဲ့များသည် ဥပုတ်နေ့တိုင်းတွင် ဝတ်ရွတ်ကြပါသည်။ လူငယ်များမှာ ကျေးရွာ၏ သာရေး၊နာရေး လုပ်ငန်းများတွင် အားတက်သရော ပါဝင်လုပ်ဆောင်သော်လည်း ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပါဝင်မှု အားနည်းနေပါသည်။ကျေးရွာအတွင်းနှင့် ကျေးရွာအနီးအနားရွာများမှ အရေးပေါ်ကျန်းမာရေးကိစ္စရပ်များအတွက် ကျေးရွာရှိ ဓမ္မနိဒ္ဒလူမှုရေးအသင်းကားဖြင့် ဆေးရုံ၊ ဆေးခန်းများသို့ ကူညီပို့ဆောင်ပေးလျက်ရှိပါသည်။ သွေးအလှူရှင်များ၊ အသင်းဖွဲ့များမှ အရေးပေါ်လိုအပ်သော လူနာများအတွက် အချိန်မရွေး သွေးရရှိနိုင်ရန်အတွက် ဟသ်ာပြည်သူ့ဆေးရုံကြီးရှိ သွေးလှူဘဏ်တွင် သွားရောက်ကာ ကြိုတင်၍ ထည့်ဝင်လှူဒါန်းထားပါသည်။ ယဉ်ကျေးလိမ္မာသင်တန်းများကို ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်ကြီးများ ကိုယ်တိုင် နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသူ၊ကျောင်းသားများအား သင်ကြားပေးလျက်ရှိပါသည်။

**(ဇ) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု– လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ဇလုပ်မကျေးရွာသည် သယ်ယူပို့ဆောင်ရေး ကဏ္ဍတွင် ကုန်းလမ်းကို အသုံးပြုကြပါသည်။ကျေးရွာချင်းဆက်သွယ်သော လမ်းများကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် ကျောက်ခင်းလမ်းကို ဖောက်လုပ်ခဲ့ပါသည်။ ကျေးရွာတွင် သုံးသော ယာဉ်များမှာ စက်ဘီး(၆၂)စီး၊ မော်တော်ဆိုင်ကယ်(၆၆)စီး၊ သုံးဘီးဆိုင်ကယ်(၁)စီး၊ ထော်လာဂျီ(၁)စီး တို့ ဖြစ်ပါသည်။

ကျေးရွာတွင် မီးအလင်းရောင်အတွက် ဆိုလာမီးကို အိမ်ခြေ (၆၉)အိမ် အသုံးပြုကြပြီး ကျန်အိမ်ထောင်စုများမှာ ဘတ်ထရီမီး၊ဖယောင်းတိုင်မီးတို့ကို အသုံးပြုကြပါသည်။ ကျေးရွာတွင် (MPT) ဖုန်းလိုင်းကို အများဆုံး ဆက်သွယ်နိုင်ပါသည်။Ooredoo ၊Telenor ၊ Mytel ဖုန်းလိုင်းများမှာလည်း ဆက်သွယ်ရေးကောင်းမွန်ပါသည်။ကျေးရွာလူထုများမှ လျှပ်စစ်မီးလင်းရေးကို စိတ်ပါဝင်စားကြပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

မိသားစုရွာကဲ့သို့ပင် စည်းစည်းလုံးလုံး နေထိုင်ကြသဖြင့် ပြဿနာကြီးကြီးမားမား ဖြစ်လေ့မရှိပါ။ ဘာသာရေးခေါင်းဆောင်များ၏ ဆုံးမမှု၊ လူကြီးသူမများ၏ ဆုံးမမှု၊ ကျေးရွာ၏ အုပ်ချုပ်မှုပိုင်းဆိုင်ရာ အဖွဲ့အစည်းများ၏ အုပ်ချုပ်မှုများကြောင့် အေးချမ်းသာယာစွာ နေထိုင်နိုင်ပါသည်။ ကျေးရွာအတွင်း ခိုးမှုနှင့် အရက်သေစာ သောက်စားမှုမှာ သာမန်မျှသာဖြစ်ပွားပြီး အခြားအမှုအခင်း ဖြစ်ပွားမှုမရှိပါ။

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ**

**(၁) စိုက်ပျိုးရေး**

ဇလုပ်မကျေးရွာအနေဖြင့် လယ်ယာစိုက်ပျိုးရေးအတွက် အခြေအနေကောင်းများမှာ သဘာဝရေမြေရာသီဥတုအနေအထားနှင့် လယ်ယာမြေများအား အသင့်အတင့် အသုံးချနိုင်ခြင်း၊စိုက်ပျိုးရေးအတွက် အသင့်အတင့် လုံလောက်ခြင်း ၊ချေးငွေများ ရရှိနိုင်ခြင်း၊သီးနှံမျိုးစေ့များကို ဝယ်ယူရရှိနိုင်ခြင်း၊သဘာဝမြေဩဇာ နှင့်အခြား အော်ဂဲနစ်သွင်းအားစုများ ရရှိနိုင်ခြင်း ၊ဓာတုပိုးသတ်ဆေး ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ ဝယ်ယူရရှိနိုင်ခြင်း၊လုပ်အား အသင့်အတင့် ရရှိနိုင်ခြင်း စိုက်ပျိုးသီးနှံများအား ရောင်းချရန် ဈေးကွက်ရှိခြင်း စိုက်ပျိုးရေးသုံး ကိရိယာများအား အသင့်အတင့် ပိုင်ဆိုင်ခြင်းတို့ဖြစ်ပါသည်။ မိမိတို့ကိုယ်တိုင် ထုတ်လုပ်သိုလှောင်နိုင်ခြင်း၊ လိုအပ်သော မျိုးစေ့များအား ပွင့်လင်းရာသီ၌ အခြားဒေသ စိုက်ပျိုးရေးဦးစီးဌာနရုံးတို့မှ ဝယ်ယူနိုင်ခြင်း၊ သဘာဝမြေဆွေးအသုံးပြုနိုင်ခြင်း၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ

သွင်းအားစုများဝယ်ယူရရှိနိုင်ခြင်း၊ လုပ်သားများ အသင့်အတင့်ရှိခြင်း၊ စိုက်ပျိုးသီးနှံများအား ရောင်းချရန် ဈေးကွက်ရှိခြင်း၊ လယ်စိုက်ပျိုးခြင်း လုပ်ကိုင်သူများအတွက် စက်ကိရိယာများ လုံလောက်စွာ ပိုင်ဆိုင်ထားခြင်း စသည်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို စိုက်ပျိုးရေးဘက်မှ အထောက်အပံ့ဖြစ်စေသော အခြေအနေ ကောင်းများ ပိုင်ဆိုင်ထားပါသည်။

**(၂) မွေးမြူရေး**

ဇလုပ်မကျေးရွာတွင် မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် အခြေအနေကောင်းများမှာ မွေးမြူရေးလုပ်ငန်းအတွက် ရေအသင့်အတင့်ရရှိနိုင်ခြင်း၊ တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ ဝယ်ယူရရှိနိုင်ခြင်း၊ ချေးငွေများကို ရရှိနိုင်ခြင်း၊ စားကျက်မြေများရှိခြင်း၊ သွင်းအားစုများ ဝယ်ယူရရှိနိုင်ခြင်း၊နည်းပညာနှင့် ဝန်ဆောင်မှုများ ပံ့ပိုးကူညီမှုရရှိနိုင်ခြင်း၊ မွေးမြူထားသော ထုတ်ကုန်များရောင်းချရန် ဈေးကွက်များရှိခြင်းတို့ ဖြစ်ပါသည်။

**(၃) ပညာရေး**

ဇလုပ်မကျေးရွာအနေဖြင့် ပညာရေးအတွက် အခြေအနေကောင်းများမှာ ကျေးရွာအုပ်စုအတွင်း အခြေခံပညာအထက်တန်းကျောင်းခွဲရှိပါသည်။ ကျောင်း၏ အရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ခြင်း၊ ဆရာ/မ အင်အားမှာလည်း လုံလောက်မှုရှိပါသည်။

**(၄) ကျန်းမာရေး**

ဇလုပ်မကျေးရွာအနေဖြင့် ကျန်းမာရေးအတွက် အခြေအနေကောင်းများမှာ မိမိတို့ကျေးရွာသည် တလုတ္တော်တိုက်နယ်ဆေးခန်းနှင့် (၄)မိုင်သာကွာဝေးခြင်း၊ မြို့နယ်ဆေးရုံနှင့်(၁၃)မိုင်ကွာဝေးခြင်း၊ လိုအပ်သောအခန်း၊ ကုတင်များအသင့်အတင့်ရှိခြင်း၊ ကျေးရွာအနီးရှိ ဆေးဆိုင်များမှ ဆေးဝါးများကို အသင့်အတင့်ရရှိခြင်းစသည့် အခြေအနေကောင်းများ ရှိပါသည်။

**(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ**

သက္ကယ်ကုန်းကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသောအဖွဲ့များ ရှိသော်လည်း အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခုချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် လုပ်ဆောင်ချက်များတွင် အားနည်းမှု ရှိပါသည်။

**(၁) စိုက်ပျိုးရေး**

ဇလုပ်မကျေးရွာတွင် စိုက်ပျိုးရေးဆိုင်ရာနည်းစနည်းများ စနစ်တကျ သိရှိမှုအားနည်းခြင်း၊ လိုအပ်သောသွင်းအားစုများကို အချိန်မီ ထည့်သွင်းနိုင်မှု မရှိခြင်းကြောင့် တောင်သူများအတွက် အကျိုးအမြတ်ဖြစ်ထွန်းမှု နည်းပါးပါသည်။ ကျေးရွာအတွင်း၌ ပီလောပီနံမျိုးများအား ပိုမိုဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်သည့်အတွက် တောင်သူများ၊

လက်လုပ်လက်စားများအနေဖြင့် မိသားစုဝင်ငွေများတိုးပွားကာ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုပွင့်လင်းတိုးတက်လာမည်ဖြစ်ပါသည်။

**(၂) မွေးမြူရေး**

ဇလုပ်မကျေးရွာအနေဖြင့် မွေးမြူရေးလုပ်ငန်းအတွက် အခက်အခဲများမှာ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် လုံလောက်သည့်ချေးငွေအရင်းအနှီးများ မရရှိခြင်း၊ သွင်းအားစုများ ဝယ်ယူရာတွင် ဈေးနှုန်းကြီးမြင့်ခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများရှိခြင်း၊ မွေးမြူထားသောထုတ်ကုန်များကို ရောင်းချရာတွင် ဈေးကောင်း မရရှိခြင်းတို့ဖြစ်ပါသည်။

**(၃) ပညာရေး**

ပညာရေးအတွက် အခက်အခဲမှာ မိမိတို့ကျေးရွာတွင် အထက်တန်းကျောင်း ခွဲရှိပြီး စာသင်ကျောင်းဆောင် လုံလောက်မှုမရှိသည့်အတွက် ပညာသင်ကြားရာတွင် စိတ်ပါဝင်စားမှု နည်းပါးခြင်း၊ ပညာသင်ကြားရန် စာသင်ကျောင်းသို့သွားလာရာ၌ လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း၊ ပရိဘောဂများ လုံလောက်မှုမရှိခြင်းနှင့် ကျောင်းဝန်းအတွင်း အားကစားကွင်းမရှိခြင်းတို့ ဖြစ်ပါသည်။

**(၄) ကျန်းမာရေး**

ဇလုပ်မကျေးရွာအနေဖြင့် ကျန်းမာရေးအတွက်အခက်အခဲများမှာ ဟသ်ာတမြို့နယ်ဆေးရုံနှင့် (၁၃)မိုင်သာ ကွာဝေးသော်လည်း လုံလောက်သည့် ကျန်းမာရေးအထောက်အပံ့များ မရရှိခြင်း၊ ကျေးရွာတိုက်နယ်ဆေးရုံတွင် ဆေးနှင့် ဆေးဝါးများ ပြည့်စုံစွာ မရှိခြင်း၊ ကျန်းမာရေးဝန်ထမ်းများ အနည်းငယ်သာရှိခြင်းတို့ဖြစ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ကြသော မိသားစုများမှာ အသက်မွေးဝမ်းကျောင်းပညာများတက်မြောက်မှုအားနည်းခြင်း၊ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ရန် နည်းပညာများ မသိရှိကြခြင်း၊ ရင်းနှီးလုပ်ကိုင်ရန်အတွက် လိုအပ်သည့်အချိန်တွင် လိုအပ်သလောက် ချေးငွေရရှိရန် အကန့်အသတ်များ ရှိခြင်း စသည် လိုအပ်ချက်များ ရှိနေဆဲဖြစ်ပါသည်။

ဇလုပ်မကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမအသင်းအဖွဲ့များမှ ချေးငွေများသာ ရရှိပြီး ကျန်ရှိသော ပုဂ္ဂလိကအဖွဲ့အစည်းများမှ ချေးငွေများ ရရှိခြင်းမရှိပါ။

ကျေးရွာ၏ဓလေ့မှာ လူကြီးများသာ ခေါင်းဆောင်တင်မြောက်ရန် စဉ်းစားလေ့ရှိသဖြင့်ခေါင်းဆောင်မှုအပိုင်းတွင် စိတ်ပါဝင်စားမှုရှိသော်လည်း လူငယ်များမှာ နောက်ကျန်နေကြရသည်။ လူငယ်များအနေဖြင့် အင်တာနက်မှတဆင့် သတင်းအချက်အလက်များကို ရယူနိုင်သော်လည်း ကျေးရွာဖွံ့ဖြိုးရေးနှင့် ဆက်စပ်သော မိမိတို့၏ အတွေ့အကြုံများကို ပြန်လည်အသုံးချမှုနှင့် ခေါင်းဆောင်မှုစွမ်းရည်၊ ဖွံ့ဖြိုးရေး သဘောတရားများကို

သဘောပေါက်နားလည်မှု အားနည်းကြသည်မှာ အနာဂတ်ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားဖြစ်ပါသည်။

## (၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် မဟာဗျူဟာ

ကျွန်ုပ်တို့ ဇလုပ်မကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေး ဖြစ်ပါသည်။ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သောနည်းလမ်းဖြင့် အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့် ပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်မည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

### (က) ရည်မှန်းချက်ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်များတွင် ကျေးရွာသူ၊ ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည် တိုးတက်ရေးတို့အပြင် ပညာရေးကို အလေး ထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက် စေမည့် ရည်မှန်းချက်များကိုလည်း (၂၀၂၀ခုနှစ်မှ၂၀၂၅ခုနှစ်) အတွင်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အောက်ပါအတိုင်း ရိုးရှင်းစွာချမှတ်ထားပါသည်။

(၁) ရွာလူထုသည်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်နှင့် ကျေးရွာမီးလင်းရေး ဆောင်ရွက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာရမည်။

(၂) ရွာလူထုသည် စိုက်ပျိုးရေးဖြင့် ထုတ်ကုန်တိုးမြှင့်ထုတ်လုပ်ခြင်းအား တိုးတက် လုပ်ကိုင်နိုင်ခြင်းဖြင့် ဝင်ငွေတိုးတက်စေရမည်။

(၃) လူငယ်များအား ပညာတတ်မြောက်မှုကို ပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေး ဝမ်းကျောင်းပညာရပ်များကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေပြီး စီးပွားရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုးမြင့်လာစေရမည်။

### (ခ) နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများ ကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(၁) ကျေးရွာရှိ မိရိုးဖလာစိုက်ပျိုးနည်းများကိုသာ အသုံးပြုနေသောတောင်သူများ၏ ဝင်ငွေတိုးတက်လာစေရန်အတွက် အထွက်နှုန်းနှင့် အရည်အသွေးကောင်းပြီး ဈေးကွက်အတွင်း လူကြိုက်များသော စပါးမျိုးများကိုသာ ဦးစားပေးစိုက်ပျိုး

ထုတ်လုပ်ရန်နှင့် စိုက်ပျိုးရေးနည်းပညာများပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းများအတွက် လိုအပ်ချက်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ချိတ်ဆက်လုပ်ဆောင်ရန်လိုအပ်ပါသည်။

(၂) ကျေးရွာအတွင်းရှိလူငယ်များ၏အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်အတွက် ဒေသအတွင်း စက်ရုံအလုပ်ရုံများ တိုးတက်များပြားလာစေရန် ဖိတ်ခေါ်ရန်၊ အသက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများအတွက် ချိတ်ဆက်ဆောင်ရွက်ပေးရန်၊ ဈေးကွက်ထိုးဖောက်မည့် အကျိုးတူအုပ်စုဖွဲ့စည်းခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ရန်၊ ဒေသထွက်ကုန်များ ဈေးနှုန်းပိုမိုရရှိရန် ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်သောနည်းပညာများရရှိရန်နှင့် ချေးငွေလက်လှမ်းမီမှုရရှိရန် လိုအပ်နေပါသည်။

(၃) ကျေးရွာအတွင်းတွင် လယ်သမားများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေအစီအစဉ်ရှိသော်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးရွာတွင်း အသေးစားလုပ်ငန်းများအတွက် လုံလောက်မှုမရှိသောကြောင့် ချေးငွေထုတ်ချေးပေးနိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်များနှင့် အသေးစားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေပါမည်။

(၄) ကျေးရွာတွင်းလမ်းများနှင့် ချဉ်းကပ်လမ်းများအား အဆင့်မြှင့်တင်ခြင်းများအတွက် သက်ဆိုင်ရာဦးစီးဌာနများ၊ အကူအညီပေးမည့်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ကျေးရွာလူထုလုပ်အား ပေါင်းစပ်ကာ လုပ်ဆောင်သွားပါမည်။

(၅) ကျေးရွာတွင် အိမ်တိုင်းနီးပါးလျှပ်စစ်မီးရရှိရေးအတွက် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရေးအတွက် သက်ဆိုင်ရာဦးစီးဌာနများ၊ အကူအညီပေးမည့်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ဆောင်ရွက်သွားပါမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကိုပြုစုဖော်ပြထားပါသည်။ ဖော်ပြပါအဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာ၏လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့် ထိုမှတဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့်အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်းရေရှည်တည်တံ့သည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင်အားထုတ်လုပ်ကိုင်မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သောဦးစားပေးစီမံချက်များအား အချိန်မှန်ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်းစသည်တို့ဆောင်ရွက်နိုင်ရန်အကူအညီများဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

### (ခ) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ

ဇလုပ်မကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး၊မွေးမြူရေး၊အခြားဝင်ငွေရလုပ်ငန်းများအတွက် လုံလောက်သောချေးငွေများရရှိမှုကလည်း အဓိကဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံ (ကာလတိုချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ပေးနေသောကြောင့် အခြားသီးနှံစိုက်ပျိုးသူ တောင်သူများအတွက် လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။ တောင်သူအများစုသည် ကာလရှည်ချေးငွေထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက်လုပ်ဆောင်လိုကြသည်။ ကျေးရွာသူ/သားများလိုအပ်သော ချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကိုလျှော့ချပြီး ဒေသလိုအပ်ချက် နှင့်အညီ ပြောင်းလဲသင့်ပါသည်။

### (ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည်းဆည်းပေးခြင်း

ဇလုပ်မကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုးထုတ်လုပ်သူများ၏ ဈေးကွက်ဆိုင်ရာ သဘောသဘာဝသိရှိမှုအားနည်းခြင်းနှင့် အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များရရှိရေးအတွက် ခေတ်မီသောနည်းပညာများ လိုအပ်ခြင်းပင်ဖြစ်သည်။ ဟင်္သာတမြို့နှင့်ဝေးလှသော်လည်း ဟင်္သာတ–ရန်ကုန်ကားလမ်းမှတစ်ဆင့်ရာသီမရွေးသွားလာနိုင်ခြင်း၊ သယ်ယူပို့ဆောင်ရေးယာဉ်များရှိခြင်းစသည့်အားသာချက်ကိုအမှီပြု၍ ဒေသထွက်ကုန်များကို သင့်တော်သောဈေးနှုန်းဖြင့် ရောင်းချရန် ဈေးကွက်သဘောတရားများကိုနားလည်အောင်ရှင်းပြပေးနိုင်မည့် မြို့နယ်အဆင့်မှစိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန နှင့် အခြားသက်ဆိုင်ရာဦးစီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းလမ်းပြဖေးမမှုများကလည်း အရေးပါလှပါသည်။ ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာပေးသင်တန်းများစီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက၊ ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာ

ဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများစသည်တို့အတွက် လိုအပ်သောကျွမ်းကျင်မှုအသစ်များ အလိုက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ချေးငွေ အစီအစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာ တိုးတက်လာစေပါမည်။

ကျွန်ုပ်တို့ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစား အရည် အသွေးရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများ ဆောင်ရွက်ခြင်းကလည်းကျေးရွာရှိလူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာအသုံးချနိုင်ရုံ သာမက ဒေသတွင်းတစ်နိုင်တစ်ပိုင်အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ဝင်ငွေရရှိမှုမြင့်မားလာခြင်း၊ အခြားဒေသများတွင် ရွှေ့ပြောင်းလုပ်ကိုင်နေသူများအား မိမိနေရပ်သို့ပြန်လာ၍ လုပ်ကိုင်နိုင်မည့်အခွင့်အလမ်းများ တိုးတက်လာစေပြီး မိသားစုများ ပေါင်းစည်းနေထိုင်လုပ်ကိုင်နိုင်ခြင်းစသည်ဖြင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှု တိုးတက် လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျော့နည်းစေရေးကို အထောက်အကူပြုနိုင်ပေမည်။

## (၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ပေါ်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီမံကိန်း(၅)နှစ်တာကာလ ကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက် နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါသည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုသည်(၅)နှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည်။ ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည်မဟုတ်သေးပေ။ သို့ဖြစ်ပါ၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု(၂-၃)နှစ်ကျော်လာချိန် တွင် စီမံကိန်း(၅)နှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများထပ်မံဖော်ထုတ်ပြီး လုပ်ဆောင် ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ်သက်ရောက်မှုများ မရှိခဲ့လျှင် (၅)နှစ်တာ ဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများပြောင်းလဲမှုရှိမည်မဟုတ်သော်လည်း စီမံကိန်း (၅)နှစ်တာအတွင်း ထပ်တိုးစီမံကိန်းများ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှစ် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစား ပေး အစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။သို့ဖြစ်၍ ကျွန်ုပ်တို့(၅)နှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက်အကောင်အထည်ဖော် ဆောင်ရွက်မည့် နှစ်ပတ် လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့်စီမံချက်များအား ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့်သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါသည်။ (Economic classification) သည် စီမံချက်များ၏အကျိုးရလဒ်ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

#### (၁) ကဏ္ဍကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း(Functional classification)

ဆောင်ရွက်မည့်စီမံချက်ဘတ်ဂျက်သည် (က)မည်သည့်ကဏ္ဍအောက်တွင် (ဥပမာ-စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍစသည်)၊ (ခ)မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

#### (၂)ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍အုပ်စုသတ်မှတ်ခြင်း(Economic classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှုဖြစ်သည်ကို ဖော်ပြခြင်းဖြစ်ပါသည်။

- သာမန်အသုံးစရိတ်(Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခစသည်များ
- ငွေလုံးငွေရင်းအသုံးစရိတ်(Capital Expenditure) ဥပမာ-ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ရသောရင်းနှီးမြှုပ်နှံမှုများ
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်(Capacity Buliding Expenditure) ဥပမာ-ဆွေးနွေးပွဲ၊သင်တန်းစသည့်အသုံးစရိတ်
- လူသားချင်းစာနာမှုအထောက်အပံ့(Humaniltarian support )

### (ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက်တက်ရောက်သူကျေးရွာသူ၊ ကျေးရွာသား အုပ်စု(၅)စုထဲမှ (၁၀)ဦးက ဦးစားပေးရမည့်စီမံချက်များကို အမှတ်ပေးရပါမည်။ အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာအထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးအတွက်သဘောတူသတ်မှတ်ထားသောဦးစားပေးစီမံချက်များမှာ–

| ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အခွင့်အလမ်းနှင့်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *အုပ်ချုပ်ရေးကဏ္ဍ* | | | | | |
| **အခြေခံ အဆောက်အဦ** | ၁။ကျေးရွာတွင်း ကွန်ကရစ်ဘောင် ချောင်းကျောက်ခင်းခြင်း၊ | ၅၀ | ၁ | • သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ရန်ပုံငွေရရှိအောင် ဆောင်ရွက်ခြင်း၊<br>• ရန်ပုံငွေ ရရှိနိုင်ခြင်းနှင့် အသိပညာ၊ အတတ်ပညာရှင်များရှိခြင်းနှင့်လုပ်ငန်း သုံးပစ္စည်းများသယ်ယူရန်အခက်အခဲ မရှိခြင်း၊<br>• လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရ လွယ်ကူခြင်း၊<br>• ကျေးရွာမှ စည်းလုံးညီညွတ်ခြင်း၊ လုပ်အားများ ပါဝင် ဆောင်ရွက်နိုင်ကြခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ ဖွဲ့စည်းနိုင်ခြင်း။ | ကျေးလက်/ သက်ဆိုင်ရာ ဦးစီးဌာန |

| ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အခွင့်အလမ်းနှင့်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| လျှပ်စစ်ကဏ္ဍ | | | | | |
| **အခြေခံ အဆောက်အဦ** | ၂။ ကျေးရွာတွင်း လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ခြင်း၊ | ၄၅ | ၂ | • မဟာဓါတ်အားလိုင်းနှင့် အနီးတွင် ရှိခြင်း၊<br>• ရန်ပုံငွေနှင့်အခြားအထောက်အပံ့များရ ရှိရန်သက်ဆိုင်ရာဦးစီးဌာနများနှင့်ချိတ် ဆက်နိုင်ခြင်း၊<br>• ကျေးရွာမှ လျှပ်စစ်မီးရရှိရန် စိတ်အား ထက်သန်မှုရှိသဖြင့် ပြည်သူထည့်ဝင် ငွေ စုဆောင်းနိုင်ခြင်း။ | ကျေးလက်/ သက်ဆိုင်ရာ ဦးစီးဌာန |
| ပညာရေးကဏ္ဍ | | | | | |
| **အခြေခံ အဆောက်အဦ** | ၃။ စာသင်ကျောင်းဆောင် ဆောက် လုပ်ခြင်း၊ | ၄၀ | ၃ | • မြေနေရာရရှိရေးစည်းလုံးဆွေးနွေး ဆောင်ရွက်နိုင်ခြင်း၊<br>• ရန်ပုံငွေနှင့်အခြားအထောက်အပံ့များရ ရှိရန်သက်ဆိုင်ရာဦးစီးဌာနများနှင့်ချိတ် ဆက်နိုင်ခြင်း၊<br>• ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ခြင်း။ | ကျေးလက်/ သက်ဆိုင်ရာ ဦးစီးဌာန |

| ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အခွင့်အလမ်းနှင့်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| အုပ်ချုပ်ရေးကဏ္ဍ | | | | | |
| **အခြေခံ အဆောက်အဦ** | ၄။ကျေးရွာတွင်းစာကြည့်တိုက် တည်ဆောက်ခြင်း၊ | ၃၃ | ၄ | • မြေနေရာရရှိရေး စည်းလုံးဆွေးနွေးနိုင်ခြင်း၊<br>• စာကြည့်တိုက်နှင့် အခြားအထောက်အပံ့များ ရရှိရန် သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်နိုင်ခြင်း၊<br>• ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်းနိုင်ခြင်း။ | ကျေးလက်/ သက်ဆိုင်ရာ ဦးစီးဌာန |
| ကျန်းမာရေးကဏ္ဍ | | | | | |
| **အခြေခံ အဆောက်အဦ** | ၅။ရေကောင်းရေသန့် ရရှိရေး ဆောင်ရွက်ခြင်း။ | ၂၆ | ၅ | • အသိပညာရှင်များ၊ နည်းပညာပေး၊ လမ်းညွှန်သူများနှင့် သက်ဆိုင်ရာ ဦးစီးဌာနနှင့် ချိတ်ဆက်နိုင်ခြင်း၊<br>• နည်းပညာ ကူညီပံ့ပိုးပေးနိုင်သော ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း။ | |

## (ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထု၏ ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ်ပြုပြင် ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက်(Project) | ဦးစားပေးအဆင့် | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ |
|---|---|---|---|---|---|---|---|
| ၁။ | ကျေးရွာတွင်း ကွန်ကရစ်ဘောင်ချောင်းကျောက်လမ်းခင်းခြင်း၊ | ၁ | ✔ | | | | |
| ၂။ | ကျေးရွာတွင်း လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ခြင်း၊ | ၂ | | ✔ | | | |
| ၃။ | စာသင်ကျောင်းဆောင် တည်ဆောက်ခြင်း၊ | ၃ | | | ✔ | | |
| ၄။ | ကျေးရွာတွင်း စာကြည့်တိုက် တည်ဆောက်ခြင်း၊ | ၄ | | | | ✔ | |
| ၅။ | ရေကောင်းရေသန့်ရရှိရေး ဆောင်ရွက်ခြင်း။ | ၅ | | | | | ✔ |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် စီမံကိန်းတွင် ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ် ဖော်ပြထားပါသည်။ ၄င်းထဲတွင်စီမံချက်၏ ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံချက်အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံအဆောက်အဦကို ပြုပြင်ထိန်းသိမ်းမည့်ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

